မစန္ဒာ

# ဟိုဘက်ကမ်းက လွမ်းပုံပြင်



# ဟိုဘက်ကမ်းက လွမ်းပုံပြင်

အောင်သပြေတို့ တစ်မိသားစုလုံးသည် ပင်လယ်ကမ်းခြေ တစ်ခုခုသို့ တစ်နှစ်တစ်ခါ ရောက်စမြဲဖြစ်သည် ။ သို့သော် သူတို့ အဘွားက အများ တကာလို နွေရက်များကို မရွေးဘဲ မိုးဦးကျရက် များကိုသာ ရွေးပြီး အပန်းဖြေလေ့ ရှိသည် ကတော့ တော်တော်ကို ခက်လှသည် ။

"ပင်လယ်လေကို တစ်နှစ်တစ်ခါလောက်မှ ဝဝမရှူရရင် ကုန်ထားတဲ့ အားတွေ ပြန်ပြီး မပြည့်လာသလိုပဲ၊ နောက်ပြီး မိုးတွင်းဆိုတော့ လူရှင်းတယ်လေ။ အေးအေးဆေးဆေး ရှိတာပေါ့"

သူ့ကို စောဒကတက်ချင်ဟန် ရှိသော မြေးများကို အဘွားက လေအေးအေးနှင့် ပြောတတ်သည် ။ သို့သော် ထို့ထက်ပိုသော အကြောင်းများ ရှိနေလိမ့်မည်ဟု အောင်သပြေ ထင်မိသည် ။

*****

အဘွား ...... သူတို့ ၏ ဘွားသည် အတန်ငယ် ထူးဆန်းလေသည် ။ သူလူ့လောကထဲသို့ ရောက်လာခဲ့သည် မှာ ၊ အနှစ်နှစ်ဆယ် ကျော်ပြီ

ဖြစ်သော်လည်း အဘွားငိုသည် ကို တစ်ခါမျှ မတွေ့ဖူးပေ။ ငိုသည် ကို မတွေ့ဖူး၍ ရယ်သည် ကို တွေ့ဖူးသလား ဆိုပြန်တော့လည်း မတွေ့ဖူးပြန်ပေ။ လူမှုရေးအရ တစ်ခါတစ်ရံ ရယ်ရယ်ပြုံးပြုံး ရှိတတ်သော်လည်း အဘွား၏ မျက်လုံးများ ရွှန်းလက် တောက်ပလာသည် အထိ ပျော်ရွှင်ကြည်နူးစွာ ဟက်ဟက်ပက်ပက် ရယ်မောသည် ကိုတော့ အောင်သပြေ တစ်ခါမျှ မတွေ့ဖူးခဲ့ပေ။

"မင်းတို့ ရဲ့ အဘွားက တည၁င်းသီးဆားစိမ်သလို သူ့တစ်ကိုယ်လုံး၊ စိတ်တစ်ပြင်လုံးကို အလုပ်ထဲမှာ နှစ်ပြီးစိမ်ထားတာ"

အောင်သပြေ၏ ဖခင်၊ အဘွား၏ သမက်က တီးတိုးပြောရင်း ရယ်မောတတ်သည် ။ သို့သော် လေးစားရင်းစွဲ ရှိသူမို့ "အဖေတို့ ယောက်ျားတွေတောင် သူ့လောက် အလုပ်ဇောကပ်ပြီး ဖွဲမခတ်နိုင်ဘူး။ တကယ်ကို မိန်းမ သူရဲကောင်း" ဟူ၍ လည်း ဆက်၍ ချီးကျူးလေ့ ရှိလေသည် ။

အမေကတော့ အဘွား၏ ဘဝတိုက်ပွဲများကို စိတ်လိုလက်ရ ပြောပြတတ်သည် ။ အဘိုးဆုံးသွားသော အဘွားသည် ကိုယ်ဝန်အရင့်အမာနှင့် ကျန်ရစ်ခဲ့သည် ဟု ဆိုသည် ။ သမီးကြီးဖြစ်သူ အမေက သုံးနှစ်သမီးရှိပြီမို့ "ဖေဖေ ပြန်မလာတော့ဘူးလား" ဟု တစာစာ မေးတတ်လေသည် ။ ထိုအခါများ တွင် အဘွားသည် "ဒီမှာ သမီးရဲ့ ဖေဖေလေ" ဟု သူ့ကိုယ်သူ ပုတ်ပြတတ်သည် ။ "မေမေရော" ဟု မေးပြန်ကလည်း သူ့ရင်ဘတ်ကို သူပုတ်ကာ "ဒီမှာ မေမေပေါ့ သမီးရယ်"ဟု ပြောတတ်လေသည် ။ ရပ်ကွက်ဈေးထဲတွင် ဆန်ဆိုင်လေး ချက်ချင်းဖွင့်ပြီး ကလေးတစ်ဖက်၊ ကိုယ်ဝန်တစ်ဖက်နှင့် ဆွဲလွဲထိန်းကျောင်းရင်း ဈေးရောင်းခဲ့ရသည် ။ သမီးအငယ် မွေးပြီးတော့လည်း ဆိုင်ပေါ်တွင် စောင်ပုခက်လေး ဆင်ကာ အဘွားက ဈေးရောင်း၊ အမေက ပုခက်လွှဲနှင့် ကြမ်းတမ်းသော နေ့ရက်

များကို ဖြတ်ကျော်ခဲ့ရသည် ။ ညအိပ်ရာဝင်ခါနီးလျှင် အဘွားသည် အမေတို့ ညီအစ်မအား ဖက်ပြီး "အမေ့သမီးလေးတွေ အတွက် အမေကြိုးစားမယ်" ဟု အမြဲ ရေရွတ်တတ်သည် ဟု အမေက လွမ်းမောစွာ ပြန်ပြောပြတတ်သည် ။ အနေအထိုင် ရိုးသားမှန်ကန်ကာ ကြိုးကြိုးစားစားပြန်လည်း လုပ်သဖြင့် အများ ၏ ယုံကြည်မှုနှင့် မေတ္တာကိုလည်း ရရှိခဲ့သည် ။

"မင်းတို့ အဘွား ဘယ်လောက်တောင် အပတ်တကုတ် ကြိုးစားလိုက်သလဲ ဆိုတာ ဆန်အိတ် သေးသေးလေးကနေ အကြီး၊ အကြီးကနေတစ်ခါ ပွဲရုံဖြစ်၊ အခုဆို ဘုရင့်နောင် ပွဲစားတန်းမှာ ဆန်ပွဲရုံကြီး တစ်ခုလုံးအထိ ဖြစ်လာတာဟာ မိန်းမတစ်ယောက်ရဲ့ လုပ်အားချည်းပဲ"

"နောက်ပိုင်းကျတော့ အမေတို့ လည်း ကူတယ်မဟုတ်လား"

"ဟုတ်ပါတယ်။ ဒါပေမဲ့ရှေ့ကနေပြီး ဦးစီးဦးဆောင်လုပ်ခဲ့တာက အဘွားချည်းပဲလေ"

"မင်းတို့ အမေကတောင် အဘွားလို တညင်းသီး ဆားစိမ်ကလေး ဖြစ်ခါနီးမှ ကံကောင်းပေလို့ အဖေနဲ့ တွေ့တာ၊ မင်းတို့ အဒေါ်ခများမှာတော့ ကယ်တင်မယ့် သူကောင်းမရှိလို့ တညင်းသီးဆားစိမ်လုံးလုံး ဖြစ်သွားရှာတယ်"

အဖေက ရယ်ကာမောကာနှင့် နောက်ပြောင်လျှင် အမေတို့ ညီအစ်မနှစ်ဦးက တသိမ့်သိမ့် ရယ်မောတတ်သည် ။ အောင်သပြေတို့ အဒေါ်က အဘွား၏ ခြေရာနင်းသူမို့ တော်ရုံတန်ရုံသူကို အထင်မကြီးတတ်ပေ။ သူ့ကို စိတ်ဝင်တစား ချဉ်းကပ်လာသူ မှန်သမျှကိုလည်း လှည့်စောင်း၍ပင် မကြည့်။ စီးပွားရေး တစ်ခုတည်းကိုသာ တစိုက်မတ်မတ် စိတ်ဝင်စားသူဖြစ်၍ အပျိုကြီး ဖြစ်ရခြင်းမှာ မဆန်းပေ။

"အဲဒါ ကိုယ်ဝန်စိတ်ဖြစ်မှာ ပဲ၊ သူ့ရဲ့ ကိုယ်ဝန် လွယ်ထားရတုန်းက လည်း အဘွားက ယောက်ျားတွေကို လွှတ်ပြီး စိတ်ပျက်ခဲ့တာကိုး"

"ဘာလို့ စိတ်ပျက်တာလဲ အဘွားရဲ့ " ဟု အောင်သပြေက တအံ့တသြ မေးတော့ အဘွားက မကြားသလို တစ်ဖက် လှည့်သွားလေသည် ။ အဖေကတော့ "တော်သေးတာပေါ့ကွာ မင်းအမေ ကိုယ်ဝန်နဲ့ ကတည်းကများ ၊ ယောက်ျားတွေကို စိတ်ပျက်ခဲ့မယ်ဆိုရင် မင်းတို့ တစ်တွေ လူ့ပြည်ရောက်ခွင့်ရမှာ မဟုတ်ဘူး ။ သူလည်း အပျိုကြီးပဲ ဖြစ်တော့မှာ " ဟု ပြောလေသည်

အမေရိကန် စာရေးဆရာ Alex Haley ၏ Roots "ဇာစ်မြစ်"ဟူသော ဝတ္ထုကိုဖတ်ဖူးတော့ အောင်သပြေသည် သူ၏ မျိုးရိုးအစဉ်အဆက် မူလဇာစ်မြစ် အကြောင်းကို တွေးကြည့်ဖူးသည် ။ ဘိုး၊ ဘေး၊ ဘီ၊ဘင်၊ ဘောင်၊ ဘော ဆိုသည် တွေကို ထားပါဦး။ အနီးကပ်ဆုံးဖြစ်သော အဘိုး၏ အကြောင်းကိုပင် ရေရေရာရာမသိချေ။ အဖေပြောသလို တညင်းသီးဆားစိမ် ဖြစ်နေသော အဘွားကတော့ ပစ္စုပ္ပန်ကိုသာ တည့်တည့်ရှုနေသူဖြစ်သည် မို့ အဘိုးအကြောင်းကို တစ်ခါမှ မပြောပြဖူးပေ။ အဘိုးနှင့်ဆိုင်သော မှတ်တမ်းမှတ်ရာ၊ စာအုပ်၊ ဓာတ်ပုံစသည် စသည် များကိုလည်း တစ်စုံတစ်ရာ မတွေ့ခဲ့ဖူးလေတော့ သူတို့ မြေးတစ်သိုက်သည် အဘိုး၏ အမည် ဦးတင်လေးမောင် ဆိုသည် ကိုသာ သိခဲ့ကြရသည် ။ အမေကိုယ်တိုင်ပင် သူ၏ ဖခင်သည် နိုင်ငံခြားတွင် ပညာသွားသင်ရင်း ဟိုမှာ ပင် ဆုံးပါးသွားခဲ့သည် ဆိုတာလောက်ကိုသာ သိထားသူ ဖြစ်လေသည် ။

သို့သော် အမေက သူ၏ အမည် "ပန်းခရေ ဟူသည် ကို အဘိုးက မှည့်ခေါ်ပေးထားခြင်း ဖြစ်ကြောင်းကိုတော့ တဖွဖွပြောတတ်သည် ။

"သားတို့ အဘိုးက နာမည်လှလှလေးတွေ ပေးတတ်တယ်။ သားတို့ အဒေါ်ဆိုရင် ကိုယ်ဝန် မရှိခင်ကတည်းက နောက်တစ်ယောက်ကို မိန်းကလေးဆို "ပန်းစပယ်၊ ယောကျ်ားလေးဆို "အောင်သပြေလို့ ခေါ်မယ်လို့ ပြောခဲ့တာတဲ့ ။ အဲဒီနာမည်ကို အဘွားရဲ့ စိတ်ထဲမှာ စွဲနေတယ်ထင်ပါရဲ့ ။ ဟော .. သားကိုမွေးပြီးတော့ သူ့ရဲ့ မြေးဦးလေးဟာ ယောကျ်ားလေးလည်း ဆိုရော အဘွားက "အောင်သပြေလို့ ခေါ်ပါသမီးရယ်တဲ့ ။ ဒါကြောင့် သားရဲ့ နာမည် "အောင်သပြေ ဆိုတာကလည်း အဘိုးပေးခဲ့တဲ့ နာမည်ပဲဆိုတာ မှတ်ထား"

"အောင်သပြေ" ဟူသောအမည်က ခပ်ဆန်းဆန်းမို့ ကြားရသူတိုင်းက သတိပြုမိတတ်ကြသည် ။ ဒီအသက်ဒီအရွယ် အထိလည်း သူနှင့် နာမည်တူသူကို မတွေ့ဖူးသေးသည် ကတော့ အမှန်ပင်။ အဖေကတော့

"မင်းရဲ့ နာမည်က သိပ်ပြီး အဓိပ္ပာယ်ကောင်းတာ" ဟု ပြောသည် ။